


# အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အချိန်မီပါသေးတယ်

(၂၄၇)

ဟောကြားသည့်နေ့

၁၁ - ၁၁ - ၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၂) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ အချိန်မီပါသေးတယ်

ဟောကြားသည့်နေ့ (၁၁-၁၁-၆၀)

ဒုက္ခခပ်သိမ်း ငြိမ်းတာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါ)၊ ဪ. . . နိဗ္ဗာန်ဆိုတာ ဒုက္ခဘာမှမရှိတာပါလားဆိုတာ ဒကာကြွယ်တို့ အစောကြီး မှတ်ထားရမယ်. . . (မှန်ပါ့)၊ တစ်ထောင့်ငါးရာ ကိလေသာငြိမ်းတာလည်း ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ကို ဒကာ ဒကာမတွေ ယနေ့ အရေးတကြီးပြောစရာက ဘုန်းကြီးကလည်း စေတနာကြီးကြီး

ထားတယ်၊ ဒကာ ဒကာမတွေကလည်း ဟာ. . . ဒီတစ်ခါ အရယူမယ်လို့ စေတနာထားကြပါ. . . (မှန်ပ့ါ)။

## ဘေးလွတ်ရာကို ရောက်ပြီးမှ စိတ်အေးကြပါ

ဒကာ ဒကာမတို့ အမျိုးမျိုးသော ဘေးတွေကလည်း ရှိသေးတယ်၊ အိုရမည့်ဘေးတွေကလည်း ရှိသေးတယ်၊ နာရမည့် ဘေးတွေကလည်း ရှိသေးတယ်၊ တစ်ဖန် ပဋိသန္ဓေနေပြီး အပါယ် လေးပါးကို အမေမိဘလွဲ အယူလွဲတွေကြောင့် ကျရမည့် မသူတော်ဘေးတွေကလည်း ရှိနေသေးတော့ ဘေးလွတ်ရာကို ရောက်ပြီးမှပဲ စိတ်အေးကြပါဆိုတာကို သတိပေးပါတယ်. . . (မှန်ပ့ါ)။

ဘေးလွတ်ရာကိုရောက်ပြီးမှ စိတ်အေးကြပါဆိုတော့ ဆရာဘုန်းကြီး မှာချင်တာပြောချင်တာက ဘာပါလိမ့်မလဲဆို တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှေ့နောက် အခွဲကလေး တစ်ခုကိုဖြင့် မမေ့ပါနဲ့. . . (မှန်ပ့ါ)၊ ရှေ့ဆိုတာက သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားပြီးသကာလ ကိုယ် မအို မသေ အမြဲနေရမည့်ချမ်းသာတဲ့အရေးကို ရှေ့ထားပါ. . . (မှန်ပ့ါ)။

## ကိုယ်အသေလွတ်တဲ့ဘေးကို ရှောင်ထားပါ

ပြီးတော့မှ မတတ်သာလို့ နောက်တုန်းက မှားယွင်းထားလို့ သားတွေ၊ သမီးတွေ၊ ခင်ပွန်းမတွေ ပေါ်ပြီးသကာလ နေတဲ့အရေး ကျွေးစရာ မွေးစရာစတဲ့ အရေးတွေကလည်း ရှိကြသေးတယ်. . . (မှန်ပါ့)၊ အဲဒါကို နောက်ထားပါ၊ ကိုယ်အသေလွတ်တဲ့ဘေးကို ရှောင်ထားပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးကို မလုပ်ရဘူးလို့ ဒီလို ဆရာဘုန်းကြီးမဟောပါဘူး. . . (မှန်ပါ့)၊ သားရေး၊ သမီးရေး၊ စီးပွားရေး ဘာလုပ်ရမလဲ. . . (နောက်ထားရပါမယ်ဘုရား)၊ ကိုယ့်အိုဘေး၊ နာဘေးကင်းတဲ့ အရေးကို . . . (ရှေ့ထားရပါမယ်ဘုရား)။

ဒကာကြွယ် ဒါလောက် ပြင်လိုက်ရင်ပဲ တော်ပါပြီ. . . (မှန်ပါ့)၊ အားလုံးသော ဒကာ ဒကာမတွေ ဒီလိုခွဲခြမ်းပြီး သကာလ သိထားလို့ရှိရင် ဒကာသစ်တို့ ကျေးဇူးများပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## သားရေးသမီးရေးနောက်ထားပါ

သားရေး၊ သမီးရေး၊ စီးပွားရေး ဘာလုပ်ရမယ်. . . (နောက်ထားရပါမယ်)၊ ကိုယ့်အိုရေး၊ နာရေး၊ သေရေး အပါယ်

ကျမည့်ဘေးကို လွတ်တဲ့အရေးကို. . . (ရှေ့ထားရမှာပါဘုရား)၊ ဒါဖြင့် ရှေ့နောက်ကလေးခွဲရုံနဲ့ပဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကျေးဇူးအင်မတန်များပါလိမ့်မယ်လို့ မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ အခုဆရာဘုန်းကြီးက ဒကာ ဒကာမတွေဟာ ရှေ့နောက်လွဲပြီးနေတယ်၊ **အိုမှ ဘုရားတရား ကျောင်းကန်ဆို**တော့ **အိုတော့လည်း ကံမွဲ၊ ဉာဏ်မွဲနဲ့** နေပြန်တော့ အင်မတန်ခက်ခဲနက်နဲတဲ့ နိဗ္ဗာန်ဆိုတဲ့ အရပ်ကြီးကို သွားဖို့ရာ လမ်းခရီးကြီးကို အားမထုတ်နိုင်တော့ဘူး. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လွဲနေတာက **သားရေး၊ သမီးရေး**ကို ရှေ့ထားပြီးသကာလ နိဗ္ဗာန်ရောက်မည့်အရေးကို နောက်ထားတော့ မရနိုင်တဲ့အချိန်ကျမှ လိုချင်ပါတယ်ဆိုလို့ရှိရင်ဖြင့် ဒကာကြွယ်၊ ဒကာသစ်တို့ ရနိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

## ရှေ့နောက်ခွဲပေးကြစမ်းပါ

အဲဒါကို ဆရာဘုန်းကြီးက ဒကာ ဒကာမတို့ ရှေ့နောက်ကလေးတော့ ခွဲပေးကြစမ်းပါ။ ကိုယ့်ကိုယ်ကို သနားရင်. . . (မှန်ပါ့)၊ ကိုယ့်ကိုယ်ကို သနားရင် ဘာခွဲရမယ်. . . (ရှေ့နောက်ခွဲရပါမယ်)၊ **သားရေး၊ သမီးရေး၊ စီးပွားရေး** ဘာလုပ်ရမတုံး. . .

(နောက်ကထားရပါမယ်ဘုရား)၊ **အိုမှု၊ နာမှု၊ သေမှု** လွတ်တဲ့ အရေးကို. . . (ရှေ့ထားရပါမယ်ဘုရား)၊ ဒကာကြွယ် ဒီသဘော မှတ်ထားရမယ်. . . (မှန်ပါဘုရား)။

ဒကာကြွယ်တို့ လုပ်ပြီးသား ဘုန်းကြီးပြင်ပေးလို့သင့်ရဲ့ ကလေးရှိတာနော်. . . (မှန်ပါ့)၊ လွဲထားတာကတော့ အတော့်ကို လွဲထားတာ. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ရောက်တဲ့အရေးရှေ့ထားကြ

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ရှေ့ထားရမည့် ဥစ္စာကို တရားတစ်ပွဲလုံးက တာဝန်ခံတော့ ဘုန်းကြီးများကလည်း ကိုင်း-**အိုရေး၊ နာရေး၊ သေရေး**လွတ်တဲ့ နိဗ္ဗာန်ရောက်တဲ့အရေး ရှေ့ထားကြစို့လို့ တရားတစ်ပွဲလုံးက ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

**သာရေး၊ သမီးရေး၊ စီးပွားရေး**ဆိုတာ ဘဝများစွာက ထမ်းပိုးပြီး ဆောင်ရွက်လာခဲ့ရလို့ အပါယ်ထဲ ခေါင်းကိုမပြူနိုင်လို့ ဒုက္ခမျိုးစုံခဲ့ပါပြီ၊ ဒါတွေကို ရှေ့တန်းက အစီအစဉ်လွဲလာလို့ ဒုက္ခ အကြီးအကျယ်ရောက်ခဲ့တယ်ဆိုတာ ဒကာသစ်တို့ ရိပ်မိပါပြီ . . . (ရိပ်မိပါပြီဘုရား)။

ဒီဘဝတောင်မှ အခုဆရာဘုန်းကြီး အပြင်အဆင် ကောင်းနဲ့တွေ့လို့ ဩော်. . . တို့ရှေ့ နောက်လွဲနေပါကလားဆို

တာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)၊ ဘယ်လိုများ ပေါ်လာပါလိမ့်. . . (ရှေ့နောက်လွဲနေတယ်ဆိုတာ ပေါ်လာပါ တယ်ဘုရား)။

ယခုတော့ဖြင့် ဒကာ ဒကာမတွေ ပြင်ချိန်ဆင်ချိန် ရှိတုန်းကို ပြင်ဖို့ဆင်ဖို့အရေးကို ပြောတတ်တဲ့ဆရာနဲ့ တွေ့ပြန် တော့ တော်သေးရဲ့ဆိုပြီး စိတ်ထဲမှာဖြင့် ဆုံးဖြတ်ချက်ချပြီးသကာ လ သားရေး၊ သမီးရေး၊ စီးပွားရေးကို ဘာလုပ်ကြမယ်. . . (နောက်ထားရပါမယ်)၊ **အအို အနာလွတ်**တဲ့ အရေးကို. . . (ရှေ့ ထားရပါမယ်ဘုရား)၊ သဘောကျသွားပြီ. . . (ကျပါပြီဘုရား)။

## နားကထိုင်း၊ ခါးကကိုင်း

ဒါဖြင့် ဒကာကြွယ်၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ ရှေ့က အစီအစဉ်လွဲခဲ့တယ်. . . (လွဲပါတယ်ဘုရား)၊ ကံမွဲ၊ ဉာဏ်မွဲ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ကျလာမှ ကျောင်းကန် ဘုရားတရားနဲ့နေတော့ ကံကလည်းမွဲ၊ ကံတည်းဟူသော အကြောင်းကြောင့်ဖြစ်တဲ့ **မျက်စိကမွဲ၊ နားကထိုင်း၊ ခါးကကိုင်း၊** ဒီအချိန်ကျမှ ကိုယ့်အရေးရှာတော့တာပဲ. . . (မှန်ပါ့)။

ကံမွဲ ဉာဏ်မွဲနဲ့ကျမှ ရှာလို့ နိဗ္ဗာန်ရဖို့ လွယ်ပါ့မလား. . . (မလွယ်ပါဘုရား)၊ ဒါဖြင့် မရနိုင်တဲ့အချိန် နောက်ထားပြီး သကာလ ရနိုင်တဲ့အချိန် ရှေ့ထားလို့ **ဘုရားအဆူဆူ**နဲ့လည်း

လွဲခဲ့လို့ **အပါယ်လေးပါးကြီး**မှာ ခန္ဓာတည်းဟူသော **တရားနဲ့ အလိုလေး၊ အမယ်လေး**အော်ပြီး ခံပြီးနွဲနေရတဲ့ပွဲတွေက. . . ခံခဲ့ရပါတယ်. . . (မှန်ပါ့)၊ ဒါ - ရှေ့နောက်လွဲတဲ့အပြစ်ဆိုတာ ယနေ့ ထူးထူးခြားခြားမှတ်ပါ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (ရှေ့နောက်လွဲနေတဲ့အပြစ်ပါ ဘုရား)၊ ဒီတစ်ခါ ရှေ့နောက်လွဲလို့ရှိရင်ဖြင့် ဘုန်းကြီးများလည်း မကယ်နိုင်တော့ဘူး. . . (မှန်ပါ့ဘုရား)။

## အချိန်မီပါသေးတယ်

ကိုင်း. . . ဒါဖြင့် အရှင်ဘုရား. . . အရှင်ဘုရား တည်းဟူသော သူတော်ကောင်းအကြောင်းပြုပြီးသကာလ ရှေ့နောက်လွဲခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း လွဲလတံ့ရှေ့ကြီးကို ဖြုတ်ပြီးသကာလ ပြင်ပါတော့မယ်၊ ဆင်ပါတော့မယ်၊ ပြင်ချိန်ဆင်ချိန်ရှိတုန်း ကြိုးစားပါတော့မယ်ဆိုတဲ့ဥစ္စာ အားလုံးတာဝန်ယူပြီး ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့် အချိန်မီပါသေးတယ်. . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒကာကြွယ်ရေ အချိန်မှီတဲ့အရေး ပြောကြပါစို့. . . အဲဒါက တစ်ခါစဉ်းစားလိုက်တော့၊ ဩော်. . . ငါတို့ ရှေ့နောက်လွဲတဲ့အထဲမှာ ဆရာကောင်းသမားကောင်းနဲ့ တစ်ခါလွဲပြန်မယ်ဆိုလို့ရှိရင်လည်း ကြုံဖို့ဆုံဖို့ အတော်ခဲယဉ်းတယ်. . . (မှန်ပါ့ဘုရား)၊ ကိုယ်ကမှ ရှေ့နောက်လွဲလို့ အမှားကြီးမှားတဲ့

အထဲမှာ ဆရာကောင်းသမားကောင်း မတွေ့ပြီဆိုမှဖြင့်လည်း ဒကာကြွယ်တို့ ဦးလှဘူးတို့ ဒီထက်လွဲစရာကိုက ရှိပြန်တယ်. . . (ရှိပါတယ်ဘုရား)။

## အထိသုံးပါးညီပါပြီ

ယခုတော့ဖြင့် ဒကာ ဒကာမတွေကလည်း ရှေ့နောက်ပြောင်းပါတော့မယ်ဆိုတဲ့ စိတ်ကလေးလည်း မွေးထား၊ ဆရာကောင်းကလည်း ရှေ့မှာ အထင်အရှား ရှိထားပြန်တော့ ဒီတစ်ခါဖြင့် **အထိသုံးပါးညီ**ပေါ့ပဲ့လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့ဘုရား)။

ဒီတစ်ခါ ဘယ်လိုပါလိမ့်ဗျာ. . . (အထိသုံးပါးညီပါတယ်ဘုရား)၊ **အထိသုံးပါးညီ**ပါပြီလို့ ဆုံးဖြတ်ချက်ချလိုက်ရလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံး **အိုဘေးကြီး** ထမ်းပြီး သံသရာကြီးထဲမှာလည်ခဲ့တယ်. . . (မှန်ပါ့)၊ **နာဘေးကြီး** ထမ်းပြီးတော့ကော. . . (လည်ခဲ့ရပါတယ်ဘုရား)၊ သေတတ်တဲ့ **အသုဘကြီး**ထမ်းပြီးတော့ကော. . . (လည်ခဲ့ရပါတယ်ဘုရား)၊ လည်သာလည်ခဲ့ရတယ်၊ **လည်ရင်းနဲ့ အပါယ်လေးပါး** ရောက်ရတဲ့ အရေးနဲ့ပဲနေခဲ့ရပါတယ်. . . (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြောရတယ်၊ ရှေ့ကစီစဉ်ထားလိုက်တာ ဒကာကြွယ်တို့များ လွဲလိုက်တဲ့ဖြစ်ခြင်း

. . . (မှန်ပါ့)၊ စီးပွားရေးအချိန် စီးပွားရေးအချိန်ပေါ့ကွ၊ ကျောင်းကန် ဘုရားအချိန် ကျောင်းကန်ဘုရားအချိန်ပေါ့ကွ၊ အသက်အရွယ်ကလေးကြီးလာတော့ ကိုယ့်အရေးကိုယ်ရှာမယ် ကွဆိုတာ ရှာနိုင်တဲ့ဉာဏ်မှ မရှိတော့လည်း. . . (မှန်ပါ့)၊ ရှာနိုင် တဲ့မျက်လုံးကော. . . (မရှိပါဘုရား)၊ မရှိမှရှာမယ်ဆိုတော့ မရ တာတောင် နည်းသေးတယ်. . . (မှန်ပါ့)၊ အင်မတန် မဆိုးဝါးဘူး လား. . . (ဆိုးဝါးပါတယ်ဘုရား)။

## ပြင်ဆင်ပေးမည့်ဆရာနဲ့တွေ့ရ

အေး. . . ဒါကြောင့်. . . ဩော်. . . တော်တော် သေးရဲ့ ပြင်ပေးဆင်ပေးမည့် ဆရာနဲ့တွေ့ရ ပြင်ချိန်ဆင်ချိန်မှာ ပြင်တတ်၊ ဆင်တတ်တဲ့ဆရာမှီဝဲရလို့ တော်တော်သေးရဲ့ဆိုတာ ဖြင့် ယနေ့ကစပြီး ဝမ်းမြောက်ကြပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

ဒါနည်းတဲ့စကားမဟုတ်ပါဘူး ဒကာသစ်ရေ. . . (မှန်ပါ့)၊ နည်းတဲ့စကားမဟုတ်ပါဘူး၊ အင်မတန်အရေးကြီးပါ တယ်ဆိုတာ မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ် ဘုရား)။

## နိဗ္ဗာန်သည် (၃၁) ဘုံထဲမှာမရှိ

ကိုင်း. . . ဒါဖြင့် ပြောကြပါစို့. . . နိဗ္ဗာန်ဘယ်မှာ ရှိသတုံး မအိုမသေအမြဲနေတဲ့ နိဗ္ဗာန်ဆိုတာ၊ ဘယ်မှာရှိသတုံး လို့ မေးတော့ ဒကာ ဒကာမတို့ သုံးဆယ့်တစ်ဘုံထဲမှာ မရှိပါဘူး. . . (မှန်ပါ့)၊ မှတ်ထားကြနော်. . . နိဗ္ဗာန်ဆိုတာ သုံးဆယ့်တစ်ဘုံထဲမှာ အပါအဝင်မဟုတ်တဲ့အတွက် နိဗ္ဗာန်ဟာ သုံးဆယ့်တစ်ဘုံထဲမှာ ရှိပါရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့် ဟိုဘုံရောက်ရပါလို၏၊ ဒီဘုံရောက်ပါလို၏ဆိုတဲ့ ပုဂ္ဂိုလ်များဖြင့် သြော်. . . ဒုက္ခခပ်သိမ်းမငြိမ်းတဲ့နေရာသာရောက်ရှာတော့တယ်လို့ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့ဘုရား)။

ဟိုဘုံဒီဘုံရောက်ချင်တဲ့ပုဂ္ဂိုလ်များ၊ ဒုက္ခလည်ရှာကြတာကိုးဗျ. . . (မှန်ပါ့)၊ အဘယ့်ကြောင့် ဒုက္ခလည်ရှာကြသလဲလို့ ဆရာဘုန်းကြီးပြောရတာက နိဗ္ဗာန်ဟာ သုံးဆယ့်တစ်ဘုံထဲမှာ ရှိ - မရှိ. . . (မရှိပါဘုရား)၊ မရှိတဲ့ဆီ ချမ်းသာရှာလို့ ရှိရင်ဖြင့် ဆင်းရဲတာပဲတွေ့မှာပဲ. . . (မှန်ပါ့ဘုရား)။

မရှိတဲ့ဆီ ချမ်းသာရှာကြလို့ရှိရင်. . . (ဆင်းရဲတာပဲတွေ့မှာပါဘုရား)၊ ဆင်းရဲတာပဲ တွေ့မှာဆိုတော့ သြော်. . . ဒကာကြွယ် ရှာမည့်ရှာတော့ မျက်စိလည်နေတာပဲ. . . (မှန်ပါ့ဘုရား)၊ ဘယ်လောက်များ ကြောက်စရာကောင်းတယ်ဆိုတာ ဒကာသစ်တို့ စဉ်းစားကြပါတော့. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်သည် ခန္ဓာကိုယ်အဆုံးမှာရှိတယ်

အားလုံး ဒကာ ဒကာမတွေ ရှာမည့်ရှာတော့ မျက်စိလည်နေလို့ တွေ့ရဲ့လား. . . (မတွေ့ပါဘုရား)၊ ကိုင်း - ယနေ့တော့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မေတ္တာကြီးကြီး ထားပြီးတော့ ဒကာ ဒကာမတို့ နိဗ္ဗာန်သည်ကားလို့ဆိုရင် ဒကာ ဒကာမတို့၏ ခန္ဓာကိုယ်ကို ကိုယ့်အတောင်နဲ့ကိုယ် မတ်တတ်ရပ်ပြီး တိုင်းလို့ရှိရင် လေးတောင်ပဲရှိတယ် . . . (မှန်ပါ့)၊ အဲဒီခန္ဓာကိုယ် လေးတောင်အဆုံးမှာရှိတယ်၊ အဲဒီမှာ ရှာယူပါ . . . (မှန်ပါ့)။

## နိဗ္ဗာန်ကိုတွေ့နိုင်တဲ့နည်းနဲ့ရှာ

ဩော်. . . နိဗ္ဗာန်သည် လေးတောင်အဆုံးမှာရှိတယ် . . . (မှန်ပါ့)၊ သုံးဆယ့်တစ်ဘုံထဲရှာရင်. . . (မတွေ့ပါဘုရား)၊ ဒါဖြင့် ဒကာကြွယ် ကျောင်းကြီးဆောက် ဘုရားတည်ပြီး လှူတော့ လှူပါရဲ့ နိဗ္ဗာန်ကိုတော့ တွေ့နိုင်တဲ့နည်းနဲ့ မရှာဘဲ အရှာလွဲနေရင် တော်တော်နဲ့ တွေ့နိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)၊ ကျောင်းဆောက်၊ ဘုရားတည်တာ အပြစ်ဆိုတာ မဟုတ်ပါဘူး၊ အင်မတန်ကောင်းတဲ့ကုသိုလ်ကြီးပါ၊ နိဗ္ဗာန်ကို အရှာလွဲမှာအပြစ်ဆိုပါတယ်၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဘယ်မှာရှာကြမယ်. . . (ခန္ဓာကိုယ်မှာ ရှာရ

ပါမယ်ဘုရား)၊ ခန္ဓာကိုယ်လေးတောင် အဆုံးမှာရှိတယ်. . . (မှန်ပါ့)၊ ခန္ဓာကိုယ်လေးတောင် အဆုံးမှာ နိဗ္ဗာန်ရှိတယ် ဆိုတော့ ဩော်. . . ငါဒီဘဝ စုတေမနေ သေလွန်ရသည် ရှိသော် ချမ်းသာရာအစစ်ကို ရှာပါတော့မယ်ဆိုတော့ **လူ့ပြည်**၊ **နတ်ပြည်**၊ **ဗြဟ္မာ့ပြည်ကြီး**လည်ပြီး ရှာပြန်တော့လည်း အသေထဲပဲ ပြန်ရတယ်. . . (မှန်ပါ့ဘုရား)။

ဩော် . . . မသိရှာတဲ့ပုဂ္ဂိုလ်များက **လူချမ်းသာ**၊ **နတ်ချမ်းသာ**၊ **ဗြဟ္မာချမ်းသာ**ဆိုပြီး အသေထည်ကြီးကို ချမ်းသာ လုပ်ပြီး ဆိုင်းဘုတ်ဆွဲပြီးသကာလ နေကြတဲ့ဥစ္စာ ဒကာကြွယ် သစ္စာဉာဏ်မရလို့ပဲ. . . (မှန်ပါ့)။

## အသေထည်ရှိလျက်နဲ့ အသေရှာတယ်

ဘာမရလို့ပါလိမ့်. . . (သစ္စာဉာဏ်မရလို့ပါဘုရား)၊ ဘယ်ခန္ဓာရရ၊ ဘာသစ္စာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)၊ ဩော်. . . သစ္စာဉာဏ်မရတဲ့ ဒကာ ဒကာမတွေ အတွက်မှာဖြင့် အသေထည်ရှိလျက်နဲ့ အသေထပ်ရှာတယ်. . . (မှန်ပါ့)၊ အခု ခန္ဓာကြီးကလည်း သေရဦးမှာ. . . ကိုယ်လျှုဒါန်းပေးကမ်းပြီး ဆုတောင်းလို့ ရောက်ရမည့် **လူ့ပြည်**၊ **နတ်ပြည်**၊ **ဗြဟ္မာပြည်**က လည်း ဘာထည်ရမှာပါလိမ့်. . . (အသေထည်ရမှာပါဘုရား)။

ဩော်. . . မိုက်လိုက်တဲ့ဖြစ်ခြင်း၊ အသေထည်ရှိလျက်နဲ့ အသေရှာတာသည် ဒကာကြွယ် ဒီထက်မိုက်တာရှိသေးသလား . . . (မရှိပါဘုရား)၊ ဦးလှဘူးရေ ဒါကြောင့် ရှာပြန်တော့လည်း မျက်စိလည်နေတယ်ဆိုတာကော သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် သုံးဆယ့်တစ်ဘုံထဲ နိဗ္ဗာန်ရှိပါရဲ့လား. . . (မရှိပါဘုရား)၊ ရှိရာကိုရှာမယ်ဆိုပြီး **လူ့ပြည်**၊ **နတ်ပြည်**၊ **ဗြဟ္မာပြည်** လည်ပြန်တော့လည်း ဘာတွေပြန်ရပါလိမ့်. . . (ဒုက္ခသစ္စာရပါတယ်)၊ ဒုက္ခသစ္စာအသေထည်တွေချည့်ပြန်မရဘူးလား . . . (ရပါတယ်ဘုရား)။

ဩော်. . . ရှာပြန်တော့လည်း မျက်စိလည်ပွဲကြီးနဲ့ နွံနေရပြန်တော့ ဒီဘုံငိုပွဲပြီးတော့ ဟိုဘုံငိုပွဲဆက်ပြီးတော့ နွံရပြန်တယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

## နိဗ္ဗာန်အရှာမလွဲတဲ့တရား

အဲဒါကြောင့် ကိုယ်ကျိုးယုတ်တဲ့ အလုပ်တွေဖြုတ်ပြီး သကာလ နိဗ္ဗာန်အရှာမလွဲအောင် ယနေ့ ဒီတရားကို စ-ပါတော့မယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်အရှာမလွဲတဲ့ တရားကို စ-ပါတော့မယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်အရှာမလွဲတဲ့ တရားကို ဒကာ ဒကာမတို့ သေသေချာချာရှာကြပေတော့. . . (မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် နိဗ္ဗာန်ရှာကြပါစို့ဆိုတော့ တစ်လံမျှလောက်သော ခန္ဓာကိုယ် အဆုံးမှာရှိတယ်. . . (မှန်ပါ့)၊ တစ်လံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာ ရှိပါလျက်သာနဲ့ နီးလျက်နဲ့ ဝေးပြီးသကာလ နေရတာ မျက်စိလည်မှုကြောင့်ပဲ. . . (မှန်ပါ့)၊ ဒီက မျက်စိထပ်ပြီးလည်ကြဦးမယ်ဆိုရင်ဖြင့် ချောက်နဲ့ကျင်း ကျဖို့ ပဲရှိတော့တယ်လို့ မှတ်လိုက်ပါတော့. . . (မှန်ပါ့ဘုရား)၊ မဆိုးဝါးဘူးလား. . . (ဆိုးပါးပါတယ်ဘုရား)။

## ဆရာကောင်း၊ လမ်းညွှန်ကောင်းတွေ့တုန်း

အေး-ဒါ့ကြောင့် တကယ်တမ်းဆရာကောင်း သမားကောင်း လမ်းညွှန်ကောင်းတွေရှိပါလျက်သားနဲ့ မလိုက်ဘဲနဲ့ လွဲနေတဲ့ ပုဂ္ဂိုလ်တွေများ၊ မျက်စိလည် စခန်းမသတ်ချင်လို့ **အိုတတ်၊ နာတတ်၊ သေတတ်**တာကြီးကိုပဲ ဒလစပ်ရချင်လို့ ရှိရင်ဖြင့်၊ ဒကာသစ်၊ ဒကာကြွယ်၊ ဦးလှဘူးတို့ လွဲပါ့မလား. . . (မလွဲပါဘုရား)၊ ပြင်ကြပါတော့ဗျာ. . . (မှန်ပါ့ပြင်ပါ့မယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ ပြင်ကြမှာလား. . . (ပြင်ကြပါ့မယ်)၊ ပြင်ကြ၊ ပြင်ကြ၊ ဘုန်းကြီးက အပြင်ခိုင်းလို့ ပြင်ရတယ်လို့ ဒီလိုမယူလိုက်ပါနဲ့၊ ကိုယ့်မျက်စိလည်နေတာမသိလို့ ပြင်မဟဲ့ ဒါကို အမှန်အကန် ယူရမယ်နော်. . . (မှန်ပါ့)၊ ကိုယ့်မျက်စိလည်နေတာ မသိလို့ ပြင်မဟဲ့ဆိုတဲ့ အသွားကိုသာ အရေးထားပြီး

သကာလ အသားယူကြပါလို့ဆိုတာ တိုက်တွန်းရပြန်တယ် . . . (မှန်ပါ့ဘုရား)။

ကိုင်း - ဒါဖြင့် ပြောကြပါစို့ ရှေးကမုဆိုး၏ သား တစ်ယောက်ရှိတယ်၊ သူသည် မုဆိုးသားပင်ဖြစ်ငြားသော်လည်း တောထဲမှာ **တရားဓမ္မတွေ သမထတွေအားထုတ်လိုက်လို့ ဈာန် သမာပတ်**တွေရတယ်၊ **ဈာန်သမာပတ်**တွေရပြီးတော့ သူသည် **မသေရာ၊ မနာရာ၊ မအိုရာ**ဖြင့် ရှာပါတော့မယ်ဆိုပြီးသကာလ လေးကျွန်းတစ်မြင့်မိုရ်ဖြစ်တဲ့ နေရာကနေပြီးသကာလ နေရာမှ တစ်လှမ်းတည်း လှမ်းပြီးသကာလ လေးကျွန်းတစ်မြင့်မိုရ်တွေကို ရှောက်ပြီး ရှာလိုက်တာ ကျင်ကြီးကျင်ငယ်စွန့်ရုံ စားရုံ သောက်ရုံ ကလေးချန်လှပ်ပြီး ဒကာ ဒကာမတို့ စကြာဝဠာတစ်ခုမှာ တစ်လှမ်းတည်းလှမ်းပြီး ရှာတယ်. . . (မှန်ပါ့ဘုရား)။

အဲဒါ စကြာဝဠာမဆုံးဘူး၊ **အိုရာ၊ နာရာ၊ သေရာ**တွေ ချည့် တွေ့တယ်၊ **အိုတဲ့၊ နာတဲ့၊ သေတဲ့**အထဲမှာ ချောက်ကျပြီး သွားရတယ်. . . (မှန်ပါ့)၊ ရှေးကရှာဖူးတာနော်. . . (မှန်ပါ့ ဘုရား)။

အဲဒါနဲ့ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်ကျတော့ သူက နတ်သားဖြစ် နေတော့ နတ်သားအဖြစ်နဲ့ပဲလာပြီးလျှောက်တယ်၊ အရှင်ဘုရား **မအို၊ မသေ** အမြဲနေတဲ့နိဗ္ဗာန်. . . (လောကအဆုံး)၊ ရောက်ချင်

လို့ရှိရင် ခြေလျင်သွားပြီး ရှာလို့ရှိရင်ရောက်ပ့ါမလားဘုရားလို့ လျှောက်လိုက်တယ်နော်. . . (မှန်ပ့ါဘုရား)။

လောကအဆုံးဆိုတဲ့ **မအို၊ မသေ၊** အမြဲနေတဲ့ နိဗ္ဗာန်ကြီးကိုရောက်ချင်တဲ့ပုဂ္ဂိုလ်ဟာ ခြေလျင် လေယာဉ်နဲ့ သွားလို့ရှိရင် ရနိုင် ရောက်နိုင်ပ့ါမလားဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မရောက်နိုင်ဘူးလို့ ဟောလိုက်တယ်. . . (မှန်ပ့ါဘုရား)။

## နိဗ္ဗာန်ကို ခြေလျင်၊ လေယာဉ်နဲ့ မရောက်နိုင်

ဒါဖြင့် ခြေလျင်၊ လေယာဉ်နဲ့သွားပြီးသကာလ **မအို၊ မသေ** အမြဲနေတဲ့ နိဗ္ဗာန်ကြီးရှာမယ်ဆိုလို့ရှိရင် မရဘူးကွလို့ ဘုရားက ဖြေတော်မူလိုက်တယ်. . . (မှန်ပ့ါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နတ်ပြည်သွားတယ်ဆိုလို့ရှိရင် ကံမြောက်သလို မြောက်ပြီးသွားရတာ ဖြစ်သောကြောင့် မရောက်ပါဘူး နိဗ္ဗာန်ကို. . . (မှန်ပ့ါဘုရား)။

ဗြဟ္မာ့ပြည် တက်သွားလိုက်ပြန်လည်း. . . (နိဗ္ဗာန်ရောက်တာမဟုတ်ပါဘုရား)၊ ဘာရောက်မလဲ ဒကာဦးလှဘူးရာ၊ **အိုတတ်၊ နာတတ်၊ သေတတ်**တဲ့ အထည်ကြီးပဲပြန်ရတာပဲ. . . (မှန်ပ့ါ)၊ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့သဘောကြီးကို ရနိုင်ပ့ါမလား . . . (မရနိုင်ပါဘုရား)။

## ရောဟိတဿနတ်သား

ဒါကြောင့် ဘုရားသခင်ကိုယ်တော်ကြီးက ဟောလိုက်တယ်၊ ရောဟိတဿနတ်သား လောက၏အဆုံးကို ခြေလျင်၊ လေယာဉ်သွားလို့ မရနိုင်ဘူး၊ မရောက်နိုင်ဘူးဆိုတော့ နတ်သားက ဟုတ်ပါတယ်ဘုရား၊ တပည့်တော် **တန်ခိုးဣဒ္ဓိပါဒ်နဲ့** ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်၊ လေးကျွန်းတစ်မြင့်မိုရ်ကို တစ်လှမ်းတစ်လှမ်းတည်း လှမ်းပြီး ရှာလိုက်တာ ဒီလို လေးကျွန်းတစ်မြင့်မိုရ်ပေါင်းကို မရေတွက်နိုင်ခဲ့ပါဘူး၊ **အိုတတ်၊ နာတတ်၊ သေတတ်** တာတွေထဲ တပည့်တော်ပါအသက်တမ်းစေ့လို့ သေပွဲဝင်ခဲ့ရပါတယ်ဘုရား၊ နိဗ္ဗာန်ရှာလို့ကို မတွေ့သေးပါဘုရား ခြေလျင်ခရီး အဘိညာဉ်ခရီးဖြင့် ရှာခဲ့တဲ့အတွက်. . . (မှန်ပါ့ဘုရား)။

အဲဒါကို ဘယ်လိုရှာမှရတယ်ဆိုတာ အမိန့်ရှိတော်မူပါလို့လျှောက်တော့ တစ်လံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာရှိတယ်၊ အဲဒါကြည့်ပါ. . . (မှန်ပါ့)၊ ဘာကြည့်ရမလဲ. . . (တစ်လံမျှလောက်သော ခန္ဓာကိုယ်ကို ကြည့်ရပါမယ်ဘုရား)။

## ခန္ဓာကိုယ်မှာဖြစ်မှုပျက်မှုသာရှိတယ်

တစ်လံမျှလောက်သော ခန္ဓာကိုယ်ကို ကြည့်လိုက်တဲ့အခါတော့ ဖြစ်မှုပျက်မှုတွေ ပေါ်လိမ့်မယ်. . . (မှန်ပါ့)၊ တစ်လံမျှလောက်သော ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါ ဖြစ်မှုပျက်မှုမှ တစ်ပါး ဘာများရှိသေးသတုံး. . . (မရှိပါဘုရား)။

စဉ်းစားကြည့်၊ စဉ်းစားကြည့် ဒကာ ဒကာမတွေ၊ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်မှု ပျက်မှုတွေ ရှိပါတယ် . . . (မှန်ပါ)၊ အဲဒီ ဖြစ်မှုပျက်မှုတွေဟာ ဒုက္ခသစ္စာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါဘုရား)။

ဒီဖြစ်ပျက်မှုတွေဟာ . . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာပဲလို့ သေသေချာချာ မှတ်ပါ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

တစ်လံမျှလောက်သော ခန္ဓာကိုယ်ကို ကြည့်လိုက်တော့ ဘာတွေတွေ့ကြမယ် . . . (ဖြစ်မှုပျက်မှုတွေ့ပါမယ် ဘုရား)၊ ဖြစ်မှုပျက်မှု တွေ့မယ်နော် . . . ကျုပ်တို့ဖြင့် မမြင်သေးဘူးလို့ ဒီလိုမယူပါနဲ့ . . . (မှန်ပါဘုရား)။

## စိတ်ပေါ်လာတယ် ဖြစ်ပြီး ပျက်တယ်

ကိုယ့်အိမ်ရာ ရောက်တဲ့အခါမှာ ဖြစ်စေ၊ ကိုယ့်ခန္ဓာကို ကြည့်လိုက်။ ဟိုနေရာက ယားလာတာလည်း ဖောက်ပြန်ပျက်စီးတာ၊ ဩော် . . . ဒါဖြစ်ပြီးပျက်စီးတာ၊ ဖြစ်ပြီး ပျက်တာပဲ . . . (မှန်ပါ)၊ စိတ်ကလေး ပေါ်လာလဲ . . . (ဖြစ်ပြီး ပျက်တာပါဘုရား)၊ ဝေဒနာကလေးတွေ ပေါ်လာလဲ . . . (ဖြစ်ပြီး ပျက်တာပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဘာတွေ ရှိပါလိမ့် . . . (ဖြစ်မှု

ပျက်မှု ရှိပါတယ်ဘုရား)၊ အဲဒီဖြစ်မှုပျက်မှုတွေတည်းဟူသော သင်္ခါရလောက ဆုံးသွားလို့ရှိရင်ဖြင့် တစ်လံလုံးဆုံးသွားတယ် . . . (မှန်ပါ့)၊ အဲဒီတစ်လံလုံးအဆုံးမှာမှ နိဗ္ဗာန်ရှိတယ်ကွာ ဆိုတော့ နိဗ္ဗာန်က ဒီအနားတွင်ပါလား . . . (မှန်ပါ့ဘုရား)။

သို့သော် နိဗ္ဗာန်ဘယ့်နှယ်ကြောင့် မတွေ့ရပါလိမ့်မလဲ လို့ ဒကာကြွယ်တို့ မေးလို့ရှိရင် ဖြစ်မှုပျက်မှု မတွေ့လို့ရှိရင် ဖြစ်မှုပျက်မှု အဆုံးဖြစ်တဲ့ နိဗ္ဗာန် ဘယ်လိုတွေ့နိုင်မလဲ . . . (မတွေ့နိုင်ပါဘုရား)။

## ပေပြီးနာပါ၊ နားလည်လာလိမ့်မယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရေးတကြီး ပြောပါတယ်၊ နားမလည်တဲ့ ဒကာ ဒကာမတွေ ရှိပေမယ်လို့ ရက်ပေါင်းများစွာ ဟောမှာဖြစ်လေသောကြောင့် ပေပြီးနာပါ . . . (မှန်ပါ့)၊ ပေနာရင် နားလည်လိမ့်မယ်၊ နာပြီးသား ပုဂ္ဂိုလ် တွေကတော့ လုပ်ယူရလိမ့်မယ်ဆိုတာ သိထား . . . (မှန်ပါ့ ဘုရား) နာပြီးသား ပုဂ္ဂိုလ်က . . . (လုပ်ရပါမယ်ဘုရား)။

နာပြီးသား ပုဂ္ဂိုလ်က ပေပြီး . . . ဆက်ပြီး နာရလိမ့် မယ်လို့ စိတ်ထဲမှတ်ထား . . . (မှန်ပါ့)၊ အကယ်၍ မနာချင်တဲ့ စိတ် ပေါ်လာလို့ အိမ်မှာပျင်းတယ်၊ ရိတယ် ဘုန်းကြီးပြောတဲ့ တရား တို့ကလည်း နားမလည်လို့ရှိရင် ဒီလိုမနေနဲ့. . . (မှန်ပါ့)၊ ဒီလိုနေမည့် ကြံတော့ . . . ဟ. . . . အိုရေး၊ နာရေး၊ သေရေး

လွတ်တဲ့အရေးကို ရှေ့ထားရမတဲ့၊ အဲဒီတော့ တို့ . . . ရှေ့နောက် လွဲမှာစိုးလို့ သွားပြီးနာမယ်ဆိုပြီး ပေပြီးနာပါ . . . (မှန်ပ့ါ)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## သနားလွန်းလို့ပြောရပါတယ်

အင်မတန်သနားလွန်းလို့ ဆင်ခြေတွေ လဲတာတွေကို လည်း ကိုယ့်ဆင်ခြေကိုယ် နှိပ်စက်မှာစိုးလို့ ဒကာသစ် ဒကာကြွယ်တို့ ပြောရပါတယ် . . . (မှန်ပ့ါဘုရား)။

ခင်ဗျားတို့ ဆင်ခြေက အိမ်တွင် ပေါ်နေသည့် ဆင်ခြေ ဒီနေ့တော့ဖြင့် **ခေါင်းကိုက်သလေး၊ လေနာသလေး၊ နေပူ သလေး၊ အလုပ်ရှုပ်သလေးဆိုပြီးသကာလ** ဒီလိုနေလိုက်မယ် ဆိုလို့ရှိရင်ဖြင့် အိုရေး၊ နာရေး၊ သေရေး၊ ရှေ့ထားပြီးသကာလ **အအို၊ အနာ၊ အသေ၊** လွတ်တဲ့ အရေးကို နောက်ထားတာနဲ့ မတူဘူးလား . . . (တူပါတယ်ဘုရား) **အိုနာ၊ သေရေး၊** တွေ့ပြီးမှ တော့ဖြင့် **အအို၊ အနာ၊** လွတ်တာရှာပ့ါမယ် ဆိုသဖြင့် ရှာချိန် ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

## သိတဲ့ပုဂ္ဂိုလ်က ပြောရင် ချက်ချင်းပြင်ပါ

အဲဒါတွေ စိုးရိမ်လွန်းလို့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ သာမည ပြောနေတယ်လို့ ဒီလိုမယူလိုက်ပါနဲ့ အင်မတန် အရေး တကြီး ထားပြီးသကာလ ပြောဆိုနေတဲ့ စကား၊ တို့ အရေးဟာ တို့မသိလို့သာ တို့ဟာ ရှေ့နောက် လွဲနေတာ သိတဲ့ ပုဂ္ဂိုလ်တွေ

က ပြောလို့ရှိရင် ချက်ချင်း ပြင်မပဟာဆိုပြီးသကာလ ပြင်ဖြစ်အောင် ပြင်ပါဆိုတာ သတိပေးလိုက်ပါတယ် . . . (မှန်ပါ့)၊ ရှင်းပလား . . . . (ရှင်းပါပြီဘုရား)။

ဒီနေ့ ရက်ကန်းမရက်ရဘူး၊ ဒီနေ့ ပိုးမချရဘူးဆိုလို့ရှိရင် ဖြင့် ဒီနေ့ပဲ ထမင်းငတ်ရတော့မည့်ပုံ၊ နက်ဖြန် ဆန်မရှိလို့ ဒုက္ခရောက်ရတော့မည်ပုံ၊ ဒါတွေ ဘာမှ ပဓာန မထားပါနဲ့၊ ဒါတွေဟာ ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန် ရှေ့ထားလိုက်လို့ ရှိရင် ဒီအရေးဟာ ဝင်သေးရဲ့လား၊ စကားထဲမှာ . . . (မဝင်ပါဘုရား)။

## ဘာမှ ဆင်ခြေလဲမနေပါနဲ့

ဒါကြောင့် ဒကာ ဒကာမတွေ ဘာအရေးနဲ့မှ ဆင်ခြေလဲမနေဘဲနဲ့ ဘုန်းကြီးပြောတဲ့ ရှေ့နောက်ခွဲတဲ့ အရေးကို ရှေ့ထားပြီးသကာလ ကြိုးစားပါ ဆိုတာကို ပြောလိုက်ပြန်ပါတယ် . . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ကိုင်း - ဒါဖြင့် ရှေ့ကို ဆက်ကြစို့၊ နိဗ္ဗာန်ရှာရင် ခန္ဓာအဆုံးမှာရှိ၏ . . . (မှန်ပါ့)၊ ဒကာကြွယ် ဘာတဲ့ . . . (နိဗ္ဗာန်ရှာရင် ခန္ဓာအဆုံးမှာ ရှိပါတယ်ဘုရား)။

ဒကာကြွယ်တို့ အရင်ရှာခဲ့တာက လွဲနေခဲ့ပြီ . . . (မှန်ပါ့)၊ တစ်စတစ်စနဲ့ နိဗ္ဗာန်ဆိုတာ တစ်စတစ်စနဲ့ ရှာသွားမှ ရနိုင်တာ ဆိုတော့ တစ်စတစ်စ ဦးလှဘူး ပျောက်တောင်

သွားလိုက် သေးတယ် . . . (သွားပါတယ်ဘုရား)၊ အမေမှား အဖေမှားနဲ့ တွေ့တော့ ဘယ်နှယ်နေသတုံး . . . (ပျောက်ပါ တယ်) သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်နေတော့ . . . (ပျောက်သွားပါတယ်ဘုရား)။

## တစ်စတစ်စဆိုတော့

ဩော် . . . ခင်ဗျားတို့ တစ်စတစ်စကလည်း ခင်ဗျားတို့ နှိပ်စက်ဖို့ ကြဲလုံးပေါ်လာတာကိုး . . . (မှန်ပါ့)၊ ခင်ဗျားတို့ နှိပ်စက်ဖို့ ကြဲလုံးပေါ်လာတဲ့ တစ်စတစ်စဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ခင်ဗျားတို့ တစ်စတစ်စဆိုတာက ရှည်လာရင်လည်း ဘုန်းကြီးက အပြစ်မဆိုပါဘူး၊ တစ်စတစ်စဆုံးစရာသာရှိတယ် ဒကာကြွယ်ရ၊ ရှည်စရာရှိရဲ့လား . . . (မရှိပါဘုရား)။

ဥပမာပြောကြပါစို့ဆိုရင် ဒီဘက်က ဒကာကြီးဟာ အိုပြီ ကံတွေ ဉာဏ်တွေ ဘယ့်နှယ်နေပါလိမ့်မတုံးမေးတော့ ဘယ့်နှယ် ဖြေကြဲမလဲ . . . (ကံမွဲပါတယ်)၊ ကံ-တုံး ဉာဏ်တုံး၊ ကံမွဲ-ဉာဏ်မွဲ ဖြစ်သွားတယ်၊ ရှည်လာသလား တိုလာသလား ပြောကြပါဦး . . . (တိုလာပါတယ်ဘုရား)။

ဉာဏ်ရှည်မှနိဗ္ဗာန်ရောက်မှာ၊ ဉာဏ်ကျယ်မှ နိဗ္ဗာန် ရောက်မှာ၊ ဉာဏ်ကြီးမှ နိဗ္ဗာန်ရောက်မှာ ဉာဏ်တုံးတဲ့ အချိန်ကျမှ ရှာလို့ ရှိရင်ကော . . . (မရနိုင်ကြပါဘုရား)။

ဩော် . . . မရတဲ့အချိန်မှ ရှာချင်တဲ့စိတ် ပေါ်လိုက်တာများဟာဖြင့် အတော်လွဲတဲ့ အလွဲကြီးပဲ ဆိုလို့ရှိရင်ဖြင့် ပြောစရာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

## အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေမလျှော့ပါနဲ့

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အသက်ကြီးတဲ့ ပုဂ္ဂိုလ်များကလည်း မလျှော့ပါနဲ့၊ ရှေ့နောက်ခွဲကြည့်၊ ရှေ့နောက်ခွဲကြည့်လိုက်လို့ရှိရင် ဒီအရေးကြီးသဟ . . . (မှန်ပါ့) အသက်ငယ်တဲ့ ပုဂ္ဂိုလ်ကလည်း ရှေ့နောက်ခွဲရင် ဒီအရေးကြီးသဟ၊ ဒီလိုအားတက်ကြပါဆိုတဲ့ ဥစ္စာကို လေးစားစွာနဲ့ပဲ မေတ္တာရှေ့ထားပြီး တောင်းပန်ပါတယ် . . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် သာမည ကရုဏာနဲ့ ပြောတာမဟုတ်ဘူး၊ ခင်ဗျားတို့ အလွဲကဖြင့် ဩော်. . အရွယ်ရှိတုန်း ဥစ္စာရှိမှု၊ အရွယ်ရှိတုန်းမှလဲ ကံတွေ၊ ဉာဏ်တွေက ထက်တာဆိုတော့ ထက်တဲ့ကံနဲ့ ထက်တဲ့ဉာဏ်ကို တဏှာခိုင်းတာနဲ့ အသုံးပြုလိုက်တယ် . . . (မှန်ပါ့)၊ ဉာဏ်ခိုင်းတဲ့အခါကျတော့ ဒါတွေက သုံးပြီးသွားတော့ အားလုံး ဒကာ ဒကာမတွေ သုံးလို့ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘုရား)။

ကြည့်စမ်း ကြည့်စမ်း ကိုယ့်ကိုယ်ကို စဉ်းစားပါ ဒကာသစ်တို့ရဲ့ သူများကိုလည်း စဉ်းစားဖို့ လိုသေးသလား . . . (မလိုပါဘုရား)။

အဲဒါကြောင့် ဒကာကြွယ်တို့ ဒကာသစ်တို့ နောက်ပိုင်း ကလေးမှ မချိတ်မိဘူးဆိုရင်ဖြင့် နောက်ချိတ်မိစရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ တယ်နစ်နာပါလား . . . (နစ်နာပါတယ် ဘုရား)။

## ပညာရင့်ကျက်ချိန်ကြိုးစားလိုက်ကြ

ဒါကြောင့်ရပ်စကား ရွာစကားတွေ ဖယ်ထားပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပညာဒသက ဆိုတဲ့ ပညာရင့်ကျက်ချိန် ၄၀နဲ့ ၅၀ အတွင်းမှာ ကြိုးစားလိုက်ကြ ဆိုတာ ပညာထက်လို့ခိုင်းတာ . . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် နိဗ္ဗာန်ရှာ ခန္ဓာအဆုံးမှာ တွေ့ပါမယ် . . . (မှန်ပါ့)၊ ဩော် . . . ဒါဖြင့် ခန္ဓာအဆုံးဟာ ဘာပါလိမ့်မလဲ ဆိုတော့ ခန္ဓာကြီး ကြည့်လိုက်တော့ သင်္ခတသင်္ခါရာအနိစ္စာ၊ ဩော် . . . အနိစ္စ အဆုံးမှာရှိပါကလား . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သင်္ခတသင်္ခါရာ ဒုက္ခာဆိုတော့ ခန္ဓာကြီးက ဒုက္ခခန္ဓာကြီး (မှန်ပါ့) ဒီဒုက္ခကြီးဆုံးတော့ ခန္ဓာကြီးဟာ အနတ္တခန္ဓာကြီး ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ အနတ္တတွေမရှိဘူး လား . . . (ရှိနေတယ်)၊ အဲဒါဖြစ်ပျက်အနတ္တတွေဆုံးသွားတော့ ဘာတွေ့သတုံး . . . (နိဗ္ဗာန် တွေ့ပါတယ်ဘုရား)၊ ဩော်

. . . နိဗ္ဗာန် သည်ကားလို့ဆိုလို့ရှိရင် ဒကာကြွယ်တို့ ဒါဆုံးအောင် မလိုက်လို့ မတွေ့တာကိုး . . . (မှန်ပါ့ဘုရား)။

## ခန္ဓာဆုံးအောင်လိုက်တဲ့ပုဂ္ဂိုလ်

ခန္ဓာဆုံးအောင်လိုက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘာတွေ့သတုံး (နိဗ္ဗာန်တွေ့ပါတယ်ဘုရား) ခန္ဓာရှာနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခတွေ့တယ် (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဟိုဘဝ ဒီဘဝဆိုတဲ့ ခန္ဓာတွေရှာနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခတွေ့တယ် . . . (မှန်ပါ့)၊ **လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာကြီး** တွေ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခတွေကိုယ်ပိုင် ပစ္စည်းဖြစ်ရပါလို၏ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒုက္ခတွေဘာတဲ့ . . . (ကိုယ်ပိုင်ပစ္စည်းဖြစ်ရပါလို၏) အံ့မာလေး ဒကာကြွယ်တို့ တောင်းကောင်း မတောင်းကောင်း . . . (မတောင်းကောင်းပါဘုရား)။

သို့သော်လည်း ဒကာကြွယ်တို့က လူကြီးလူကောင်းလုပ် ခဲ့ပြီး သကာလ ရှေးအခါတုန်းကပေါ့ဗျာ၊ ကဲကွာ အခုဘဝဆင်း ရဲတယ်၊ မင်းတော့ နောက်ဘဝချမ်းသာမှာပဲကွာ **လှူကွာ တန်းကွာ ပေးကွာ**၊ နိဗ္ဗာန်ဆိုတဲ့လမ်းကို မပြနိုင်တော့ ကိုယ် ကလည်း တစ်ဖက်ကန်း နောက်ကလုပ်တဲ့လူက စုံလုံးကန်း

. . . (မှန်ပါ့ဘုရား)၊ ချောက်တစ်ခုတွေ့တဲ့အခါကျတော့ ကိုယ့်ဖက်က မမြင်လိုက်ရင် ကိုယ်ကချောက်ကျတော့ နောက်က လူကလည်း တွဲလျက်ကြီး ပါသွားတတ်တယ်။

အေး . . . ဒါကြောင့် ဒီဒကာ ဒကာမတွေ အမေမိဘ ဆွေမျိုးဉာတကာ မတော်ဘူးသူ မည်သည်မရှိသလောက် ဖြစ်နေတော့ စကားကြမ်းတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ တတ်စေ ချင်လို့ ပြောနေတာ . . . (မှန်ပါ့)၊ အနာပျောက်စေချင်လွန်းလို့ . . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ဆေးခွက်မြင်ရင်ပြေးနေတာ

ဘယ်နှယ့်ကြောင့် ဒါလောက်ပုံရိုင်းရိုင်း ပြောပါလိမ့်မတုံး ဘယ်နှယ့်ပြောမတုံး . . . (တတ်စေချင်လွန်းလို့ ပြောတာပါ ဘုရား)၊ ဒီခွေးနာကလည်း အနာရှိမှန်းကိုမသိတော့ ဆေးခွက်မြင် ရင် သူ့ကိုရိုက်မယ်ထင်တာနဲ့ ပြေးနေတာ . . . (မှန်ပါ့)။

ဘုန်းကြီးကတော့ ဟေ့ . . . သူ့မှာတော့ ဘုန်းနဲ့ ကံနဲ့ **စားစရာနဲ့ သောက်စရာနဲ့ ကျောင်းနဲ့ ကန်နဲ့ တိုက်နဲ့** တို့ကတော့ လွယ်တာမဟုတ်ဘူးဆိုတော့ လွယ်တာမဟုတ်လေ သူပြေးလေ ပဲ . . . (မှန်ပါ့)၊ ဒကာကြွယ်လွန်လှချည့်လား . . . (လွန်ပါတယ် ဘုရား)၊ အနာရှိမှန်းသိတဲ့ ခွေးလို့ ဆိုမလား . . . (မဆိုနိုင်ပါ ဘုရား)။

အံမာလေး . . . ခွေးလည်းဖြစ်ပြန်၊ အနာရှိမှန်းလည်း မသိပြန်၊ ဆေးခွက်ကိုင်တော့လည်း ပြေးပြန်ဆိုတော့ ခွေးဖြစ်တာက တစ်မိုက်၊ အနာရှိမှန်းမသိတာက တစ်မိုက် . . . (မှန်ပါ့)၊ ဆေးမှန်းမသိတာက တစ်မိုက်၊ အံမာလေး သုံးမိုက်နဲ့ ပြေးနေတာပါလား . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## သုံးမိုက်နဲ့ပြေးနေတာ

ဘယ်နှစ်မိုက်နဲ့ ပြေးနေတာတုံး . . . (သုံးမိုက်နဲ့ ပြေးနေတာပါဘုရား)၊ အံမာလေး . . . ဒီဘက်က အသက်ကြီး ပုဂ္ဂိုလ်တွေလည်း စဉ်းစားကြည့်စမ်းပါဦး . . . (မှန်ပါ့)။

၁။ တို့ဟာမသိတဲ့လူ ဖြစ်နေရတာက ဒကာကြွယ် . . . တစ်မိုက်ပဲ . . . (မှန်ပါ့)။

၂။ ကိလေသာနာတွေ ရှိနေတာကလဲ . . . (တစ်မိုက်ပါဘုရား)။

၃။ ဆေးခွက်နဲ့လာလို့ ပြေးပြန်တာကလဲ . . . (တစ်မိုက်ပါဘုရား)။

ဦးလှဘူး ဒါဘုန်းကြီးစကားတတ်လို့ ပြောတာလား၊ ကိုယ့်ဖြစ်စဉ်က အကိုက်လား . . . (ကိုယ့်ဖြစ်စဉ်က အကိုက်ပါဘုရား)၊ အံမာလေး . . . နစ်နာလိုက်တာ၊ နက်ဖြန် မလာရင်

ဆေးခွက်ကိုင်တာကြောက်လို့ပဲ . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ကဲ . . . ဒကာကြွယ်ရေ ဒီဒကာဒကာမတွေ အရင်းအချာတွေမို့ ပြောရပါတယ်နော် . . . (မှန်ပါ့)၊ အနာရှိတာ မသိတော့လဲ ဆေးမရှာဘူးပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ဆိုတဲ့ ဥစ္စာ ကိုယ်တလံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာ ရှိပါတယ် . . . (မှန်ပါ့)၊ နိဗ္ဗာန်ဘယ်မှာရှိပါလိမ့် . . (တလံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာရှိပါတယ်ဘုရား)။

## မသေခင်ကတွေ့အောင်ရှာ

ဒါဖြင့် တလံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာ ရှိပါလျက်သားနဲ့ တပည့်တော်တို့မှာ သေဆုံးသာ သေဆုံးသွားတယ်ဘုရား၊ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ကိုတော့ မမြင်ရပါကလား ဆိုတာ ဒကာ ဒကာမတွေက ဖြစ်ပျက်ကို မတွေ့ခဲ့လို့ . . . (မှန်ပါ့) နာလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ . . . (မှန်ပါ့) ဖြစ်ပျက်အနိစ္စကို မတွေ့လိုက်တာနဲ့ သေသာသေလိုက်ရတယ် ဒကာဒကာမတို့ နိဗ္ဗာန်မတွေ့ဘူး . . . (မတွေ့ပါဘုရား)၊ ကဲ . . . ဒါဖြင့် မသေခင်က တွေ့အောင်ရှာ . . . (မှန်ပါ့)။

နိဗ္ဗာန် ဘယ်အချိန်က ရှာရမှာတုံး . . . (မသေခင်က တွေ့အောင်ရှာရပါမယ်) ဘုန်းကြီးက ရင်းရင်းနှီးနှီးတွေမို့ ပြောပါတယ်၊ ဘုန်းကြီးပြောတဲ့အတိုင်းသာ အားထုတ်လို့ရှိရင် ခုနစ်ရက်နဲ့ ရနိုင်ပါတယ် . . . (ရနိုင်ပါတယ်ဘုရား)၊ ဒကာကြွယ် အဟုတ်အားထုတ်ရင် ခုနစ်ရက်နဲ့ ရနိုင်ပါတယ် . . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ပြောကြပါစို့ ဒကာဒကာမတို့နော် . . . (မှန်ပါ့) နိဗ္ဗာန်ရှိတဲ့နေရာကဖြင့် ဒီခန္ဓာအဆုံးမှာ ရှိပါတယ်၊ ဒီခန္ဓာ အဆုံးဆိုတော့ ဘယ်လောက်များ ဝေးသတုံး ဆိုလို့ရှိရင် လေးတောင် (တစ်လံ) ဒီနေရာမရှိလို့ရှိရင်ဖြင့် လေးတောင် ပျောက်တဲ့နေရာမှာ နိဗ္ဗာန်ရှိတယ် . . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်က ဘယ်နှစ်တောင်ရှိပါလိမ့်. . . (လေး တောင်ရှိပါတယ်ဘုရား)၊ ဒီလေးတောင်ကို **ဒုက္ခသစ္စာ**တွေပဲ မင်းကိုမလိုချင်တော့ဘူးဆိုတော့ လေးတောင်စလုံး ပျောက် မသွားပေဘူးလား. . . (ပျောက်သွားပါတယ်) ပျောက်တဲ့နေရာ မှာ ဒုက္ခတွေ ပျောက်သောကြောင့် **သုခနိဗ္ဗာန်** မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ဒုက္ခသိမှ သုခတွေ့မယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခမသိတဲ့ ပုဂ္ဂိုလ်ဟာ သုခ တွေ့ဖို့ အတော်ခဲယဉ်းတယ် . . . (ခဲယဉ်းပါတယ်ဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ပြပါတော့မယ် ဒကာ ဒကာမတို့ ခုနင်က နတ်သားမေးတဲ့အခါမှာ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီးခြေလျှင် လေယာဉ်စသည်နဲ့ သွားလို့ ရောက်ပါ့မလားလို့ မေးတဲ့အခါကျတော့ ဘုရားက မရောက်နိုင်ဘူးလို့ ဖြေလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ဟုတ်ပါတယ်ဘုရား၊ တပည့်တော် **အဘိညာဉ်** ခြေလျှင်ဖြင့် သွားခဲ့တာ တပည့်တော် သေသာသေခဲ့ပါတယ်ဘုရား၊ နိဗ္ဗာန်မရောက်ခဲ့ပါဘူးလို့ သူ့ကိုယ်တိုင်ထောက်ခံချက် မပေးဘူးလား . . . (ပေးပါတယ်ဘုရား)။

## ပုတီးလည်ပင်းစွပ်ပြီးရှာတယ်

ဘုရားက တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ရှာကွ . . . (မှန်ပ့ါ)၊ ဩော် . . . ဒကာ ဒကာမတို့ ပုတီးကို လည်ပင်းမှာစွပ်ပြီး ဘယ်မှာရှိပါလိမ့်မတုံး ဆိုရင်တော့ဖြင့် ရှာလေမတွေ့လေဘဲ . . . (မှန်ပါ့ဘုရား)၊ ဒီနေရာမှာ ရှိပါတယ်၊ လည်ပင်းမှာ ရှိပါတယ် ဆိုတော့လည်း အနီးကလေးနဲ့ လှမ်းယူလိုက်ရင် တွေ့တာပါပဲ . . (မှန်ပါ့ဘုရား)။

လည်ပင်းစွပ်ပြီးသကာလ ဘယ်နေရာမှာ ရှိပါလိမ့်မတုံး ဆိုရင် ရှာလေဝေးလေပဲ . . . (မှန်ပ့ါ)၊ သဘောပါပလား . . . (ပါပါပြီဘုရား) ဒီမှာလဲ ဒီခန္ဓာလေးတောင် အဆုံးမှာ ရှိတယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက် ချလိုက်ပါတော့ . . . (မှန်ပါ့ဘုရား)။

## ခန္ဓာကြီးသည်ဒုက္ခသစ္စာ

အဲဒါကြောင့် အင်္ဂတ္တိုရ်ပါဠိတော်မှာ ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါ၊ ဒီခန္ဓာကြီးသည်ကားလို့ဆိုရင် ဒုက္ခသစ္စာကွ၊ ဒီခန္ဓာထဲမှာပဲ **သမုဒယသစ္စာ**ရှိတယ်ကွ၊ ဒီခန္ဓာကြီး အဖြစ်အပျက်ကို မြင်လို့ရှိရင်လည်း မြင်တဲ့ ဉာဏ်က **မဂ္ဂသစ္စာ**ပဲ . . . (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးကို မလိုချင်လို့ ကြော် . . . မင်းဟာ **ဒုက္ခသစ္စာ** အစစ်ပဲ၊ မင်းကိုမလိုချင်ဘူးဆိုတော့ လေးတောင်လောက်ရှိတဲ့ ခန္ဓာကြီး မပျောက်ပေဘူးလား . . . (ပျောက်ပါတယ်) ပျောက်တာက ဘာသစ္စာခေါ်ကြမလဲ . . . (နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ရှုရင်းတွေ့ရတာကိုး . . . (မှန်ပါ့) ကြော် . . . နိဗ္ဗာန်သည်ကား ဉာဏ်နဲ့ရှာလိုက်တော့လဲ ဒီနားတွင်ပါလား . . . (မှန်ပါ့)၊ ဒါဖြင့် နိဗ္ဗာန်သည် ဒကာဒကာမတို့ အရှာကောင်းတော့လဲ အိမ်နားတွင်ပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အရှာကောင်းတော့လဲ . . (ဒီ[illegible]ကောင်းပါဘုရား)၊ ဒီနားတွင်ပဲဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ ဒါဖြင့် ဘုန်းကြီးက ဒီဒကာဒကာမတွေ ဘယ်လို မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီး ပို့ရပါ့မလဲဆိုတော့ အရှာကောင်း ဉာဏ်[illegible]ပေးဖို့ပဲ

အရေးကြီးတယ် . . . (မှန်ပါ့)၊ ဘာအရေးကြီးပါလိမ့် . . . (အရှာကောင်းဉာဏ်ပေးဖို့ အရေးကြီးပါတယ်ဘုရား)။

## ဆရာကူမှပဲရမယ်

ဩော် . . . ဒါဖြင့် ဒီအရှာကောင်း ဉာဏ်ကတော့ဖြင့် ဒကာကြွယ်ရေ ပေးလို့မရဘူး . . . (မှန်ပါ့) ဒါကတော့ ဆရာကူမှ ပဲရမယ်၊ ဆရာမကူရင် . . . (မရပါဘုရား)၊ ဆရာမကူဘဲနဲ့ ရတာသည် ထူးထူးလည်လည်မှတ်လိုက်စမ်းပါ၊ **ဘုရားနဲ့ ပစ္စေက** **ဗုဒ္ဓါပဲ** ရတယ် . . . (မှန်ပါ့)၊ **ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ**မှတစ်ပါး၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေ မရနိုင်ပါဘူး . . . (မှန်ပါဘုရား)။

## ဆရာမပြရင်နိဗ္ဗာန်မရ

ကျန်တဲ့ ပုဂ္ဂိုလ်တွေ ဆရာကူမှပဲရတယ်ဆိုတာ သေသေ ချာချာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ ကျန်တဲ့ပုဂ္ဂိုလ်တွေသည် ဆရာမပြလို့ရှိရင် ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရဘူးဆိုတာ ဇကန်ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ဒါဖြင့် အခုဘယ်သူ့အရေးကျန်ပါလိမ့်မလဲ ဆိုတာ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါပြီ)၊ ဩော် . . . ဆရာကူဖို့အရေး ကျန်နေတယ် . . . (မှန်ပါ့ဘုရား)၊

အဲဒါကိုတော့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်မတန် ကြီးလှစွာသော **ကရုဏာနဲ့ မေတ္တာ**မကူမရှိဘူးဆိုတာ ဆုံးဖြတ် ချက်ချ . . . (မှန်ပါ့)၊ ဘယ်နည်းနဲ့မှ မကူမရှိဆိုတာ တို့ ဆရာက ဖြင့် တို့ကယ်ယူမှာပဲဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဘာလို့ဆုံးဖြတ်ချက်ချခိုင်းလဲ . . . (ဆေးခွက်ကိုင်တိုင်း ပြေးနေလို့ပါဘုရား)၊ ဒီတစ်ခါပြေးလို့ရှိရင်ဖြင့် ဟိုဘက်ချောက်ထဲ ကျဖို့ရှိတော့တယ်၊ အနာမပျောက်ဘူး၊ လူပါသေဖို့ပဲ . . . (မှန်ပါ့ ဘုရား)။

ကဲ . . . ဘယ့်နှယ်တုံး ဆေးခွက်ကိုင်ရင် ပြေးကြဦးမှာ လား . . . (မပြေးပါဘုရား)၊ ပြေးတယ် မပြေးတယ် ရက်ပေါင်း များစွာနားထောင်ပြီး ခင်ဗျားတို့ ကိုယ့်အနာပျောက်ဆေးကို မရအရယူပါ . . . (မှန်ပါ့)၊ အနာကြီး ပေါက်လာတော့ ကမ္ဘာကစပြီးသကာလ ငန်းမန်းတွေကျလာတာ အခုထက်ထိ သန်ရေတစိုစို ရှိသေးတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြီးကို နေ့ချင်းပျောက်တော့ မကုနိုင်ဘူး ဒကာကြွယ်ရ . . . (မှန်ပါ့) မကုနိုင်ဘူးဆိုတာ သေချာပလား . . . (သေချာ ပါပြီ)၊ ဟာ . . . ပေါက်ခါစ ဝက်ခြံကလေးပဲ ဆိုရင်တော့ အလွယ် သားပေါ့၊ တစ်သံသရာလုံး ကိလေသာ အနာကြီး ထွက်ပေါက် လာတာကြီးကို ငန်းတွေထုတ်ရလိမ့်မယ်၊ မန်းတွေထုတ်ရလိမ့် မယ် . . . (မှန်ပါ့ဘုရား)။

ပြီးတော့မှ ချပ်စေတတ်တဲ့ ဖယောင်းချက်တွေ တင်ရလိမ့်မယ်ဆိုတော့ နည်းနည်းကြာလိမ့်မယ်ပေါ့ဗျာ (မှန်ပါ့)၊ ဒီအထဲမှာ ကြောက်ကြောက်နဲ့ပဲ ခင်ဗျားတို့ ဆေးကုခံကြလို့ ရှိရင်ဖြင့် လုံးလုံးပျောက်ပါလိမ့်မယ်ဆိုတာ တာဝန်ယူပါတယ် . . . (မှန်ပါ့)၊ ဟာ . . . ကြာလိုက်တာ အနာပေါက်မှန်းလဲမသိ၊ ဆေးကုတာကြာတယ်လို့လဲ ထင်ပြန်လို့ရှိရင် ဒီဝေဒနာသည် နောက်အညှော်တွေ ရှိလို့ရှိရင်ဖြင့် ဝေဒနာမပျောက်တဲ့အပြင် အသက်ပါ ပျောက်ပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## အနာပျောက်ဆေးပေးကြပါစို့

ကိုင်း . . . ဒါဖြင့် အနာပျောက်ဆေးပေးကြပါစို့ . . . (မှန်ပါ့)၊ အခုပြထားတာ ဒကာ ဒကာမတွေ တခြားမဟုတ်ပါဘူး . . . တရားနာနေတဲ့ ယောကျ်ားလို့ ဆိုင်းဘုတ်ဆွဲထားတဲ့ ခန္ဓာငါးပါးပါ၊ မိန်းမလို့ ဆိုင်းဘုတ်ဆွဲထားတဲ့ ခန္ဓာငါးပါး . . . (မှန်ပါ့) ခလေးလို့ ဆိုင်းဘုတ်ဆွဲထားတဲ့ ပုဂ္ဂိုလ်၏ . . . (ခန္ဓာငါးပါးပါ ဘုရား)။

ဂရုစိုက်နာကြပါ၊ ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးဟာ အခုပုံစံပြထားတဲ့အတိုင်း ကြည့်မယ်ဆိုရင် ၁၀ လက်မလောက် ရှိမယ်၊ ဒီ ၁၀ လက်မလောက်ဟာ အနိစ္စချည်းပဲ မှတ်ပါ. . . (မှန်ပါ့ဘုရား)။

ဒီအနိစ္စတွေကို ဥပမာ ဒါက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ . . . သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတာ ဒကာ ကြွယ်ရေ အခု တရားနာနေကြတာ ဒီငါးပါးနဲ့ နာနေကြတာ (မှန်ပါဘုရား)။

## တရားနာနေကြတာ၊ ဘယ်သူတွေပါလိမ့်

တရားနာနေကြတာ ဘယ်သူတွေပါလိမ့် . . . (ခန္ဓာ ငါးပါးတွေပါဘုရား) ခန္ဓာငါးပါးတွေပဲဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ခန္ဓာငါးပါးတွေသည်ကားလို့ဆိုလို့ရှိရင်ဖြင့် အခေါ်က တော့ ခန္ဓာငါးပါး၊ အရှိကတော့ အနိစ္စ . . . (မှန်ပါ့)၊ အခေါ်က . . . (ခန္ဓာငါးပါးပါဘုရား)၊ အရှိကတော့ . . . (အနိစ္စပါဘုရား) အရှိက အနိစ္စဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့အထဲမှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါးမရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ ငါးပါးကို ဒကာဒကာမတွေက တပည့်တော်တို့ ငါးပါးစလုံး ရှုရမယ်လို့ ဆိုလို့ရှိရင်ဖြင့် . . . (သက်ကြီးအိုမတွေဘုရား)၊ ကံကမ္မဲ၊ ဉာဏ်က မွဲတဲ့အချိန်ကျမှ တရားရှာတဲ့ ပုဂ္ဂိုလ်တွေ အရှင်ဘုရားက ငါးခု တောင်ပေးထားလို့ရှိရင် ကိုယ်ကျိုးနည်းရချည်ရဲ့၊ ငါးခုတောင်မရှု

နိုင်ဘူးဆိုလို့ရှိရင် နှစ်ခုတည်းရှု. . . (မှန်ပါ)၊ ဒီကနာမ်ဟာရား ဒီဘက်က ဘာပါလိမ့်. . . (ရုပ်တရားပါဘုရား)၊ ရုပ်နာမ်နှစ်ပါးပဲ ရှိတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ငါးခုမရှုနိုင်ရင် နှစ်ခုတည်းရှုပါ

တပည့်တော်တို့ **ကံမွဲညဏ်မွဲမို့** ငါးခုမရှုနိုင်ဘူးဆိုတာနဲ့ အခုဆရာဘုန်းကြီးက ချုံးပြီးပြလိုက်တော့ နှစ်ခုကျန်ပါတော့တယ်. . . (မှန်ပါ)၊ နှစ်ခုက ဘာပါလိမ့်. . . (ရုပ်နဲ့နာမ်ပါဘုရား)၊ ရုပ်နဲ့နာမ်ပဲရှိတော့တယ်၊ များသေးသလားဗျာ. . . (မများပါဘုရား)။

အို. . . မများပေမယ့် ခင်ဗျားတို့က **ကံမွဲညဏ်မွဲနဲ့** ကျောင်းလာတာတွေ ဖြစ်နေတော့ ဒီထက်သာတဲ့နည်းကို ပေးပါဦးမယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဘယ်လိုကျဉ်းလို့ ဘယ်လိုများချုံးဦးမှာလည်းဆိုတဲ့ မေးခွန်း ထွက်မလာဘူးလား. . . (ထွက်လာပါတယ်ဘုရား)။

ရုပ်ကြည့်ပြန်တော့လည်း ပူလိုက်၊ အေးလိုက်ဆိုတာ ဖြစ်ပျက် အဘောကျပလား . . . (ကျပါပြီ)၊ ဒီဘက်က**နာမ်တွေ ဝေဒနာတွေ၊ စိတ်တွေ**ကြည့်လိုက်ပြန်တော့လည်း ဒကာဒကာမတို့ ဝေဒနာကလေးဟာ ပေါ်လိုက် ပျက်လိုက် . . . (မှန်ပါ)၊ စိတ်ကလေးကြည့် လိုက်ပြန်တော့ကော . . . (ပေါ်

လိုက်ပျက်လိုက်)၊ အဲဒီတော့ ဝေဒနာပျက်လို့ရှိရင် ကျန်တဲ့ သညာသင်္ခါရ ဝိညာဏ်ဆိုတာ အကုန်ပျက်တယ် . . . (မှန်ပါ ဘုရား)။

## ဖြစ်ပျက်တစ်လုံးတည်းရှုပါ

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဘက်ကြည့်လိုက် ဖြစ်ပျက်ရှိ မယ် ဒါဖြင့် ဒကာ ဒကာမတို့ ဟိုဘက်ကြည့်လိုက် ဖြစ်ပျက်ရှိမယ်၊ ရုပ်ကြည့်လိုက်ရင်ကော. . . (ဖြစ်ပျက်ပါပဲ)၊ ဒါဖြင့် ဖြစ်ပျက် တစ်လုံးတည်းရှုဆိုတော့ မမှားတော့ဘူး. . . (မမှားပါဘုရား)၊ များသေးသလား. . . (မများပါဘုရား)၊ ဒါမှ လျှော့ရင်လည်း မပေးရဲ့ ကျန်တော့တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါမှ လျှော့ရင်မပေးရဲ့ ကျန်တော့တယ်ဆိုတော့ ဩော် . . . ဒါဟာ ဘုန်းကြီးက တို့ကိုသနားလို့ ချုံးနိုင်သရွေ့ ချုံးပြီး ဟော တယ်လို့ မယူလိုက်ပါနဲ့၊ တရားကို ချုံးနိုင်သမျှ ချုံးပြီး ဟော တယ်လို့ ဒီလိုမယူလိုက်ပါနဲ့ ဘုရားတရားကို ကျယ်ဟော လေ ကြိုက်လေပဲ. . . (မှန်ပါ့ဘုရား)။

## ဘယ်တရားမဆိုဖြစ်ပျက်ပဲရှိတယ်

သို့ရာတွင် ရှိတာက "သဗ္ဗေသင်္ခါရာအနိစ္စာ"ဆိုတော့ ဟုတ္တာအဘာဝဋ္ဌေနအနိစ္စ ဘယ်တရားမဆို ဖြစ်တာနဲ့

ပျက်တာပဲ ရှိတယ်. . . (မှန်ပါ့)၊ ရုပ်ကြည့်လိုက်ပြန်လဲ . . . (ဖြစ်တာနဲ့ ပျက်တာပါပဲ)၊ ကျန်တဲ့နာမ် ကြည့်လိုက်ပြန်လဲ . . . (ဖြစ်တာနဲ့ ပျက်တာပါပဲ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲ ဉာဏ်စိုက်ကြည့် ဘာတွေများရှိပါလိမ့်မလဲဆိုတာ စိုက်ကြည့်၊ စိုက်ကြည့်လိုက်တဲ့ အခါကျတော့ ဟိုနေရာက ယားပြီး ပျောက်သွားလိုက် ဩော် . . . ဖြစ်ပျက်ပါကလား. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာဉာဏ်နဲ့ကြည့်

ဒီနေရာက နာပြီး ပျောက်သွားလိုက်. . . (ဖြစ်ပျက်ပါ ဘုရား)၊ ဟိုနေရာက စိတ်ကလေး ပြန်ပေါ်တော့ကော. . . (ဖြစ် ပျက်ပါဘုရား)၊ ဩော်. . . သေသေချာချာကြည့်တော့ တစ် ကိုယ်လုံးမှာဖြင့် ရုပ်လည်းမရှိဘူး၊ နာမ်လည်းမရှိဘူး၊ သေသေ ချာချာ ဝိပဿနာ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှု ပျက်မှုသာ ရှိပါ့ကလား. . . (မှန်ပါ့ဘုရား)။

## ဉာဏ်က တခြားထားလိုက်

ဒကာကြွယ် တကယ်အလုပ်လုပ်ကြည့်တော့ ဘာတွေ့ သတုံး . . . (ဖြစ်မှုပျက်မှုသာရှိပါတယ်ဘုရား)၊ ဒါဖြင့် ဒီဖြစ် ပျက်မှုကို ဒကာ ဒကာမတွေက စဉ်းစားလိုက်တော့နော် . . .

(မှန်ပါ့)၊ ဒီဖြစ်မှုပျက်မှုသည်ကားလို့ဆိုရင်ဖြင့် ဉာဏ်က တခြားထားလိုက် . . . ဖြစ်မှုပျက်မှုက တခြားထားလိုက် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဉာဏ်တခြားနေ၁်. . . (မှန်ပါ့)၊ ဉာဏ်က ဆရာပေးထားတဲ့ဉာဏ်ကိုးဗျ. . . (မှန်ပါ့)၊ ဖြစ်မှုပျက်မှုက ခင်ဗျားတို့ ခန္ဓာကိုး . . . (မှန်ပါ့ဘုရား)။

ဉာဏ်က ဘယ်သူပေးထားသတုံး. . . (ဆရာကပေးထားပါတယ်)၊ ဆရာက ဖြစ်မှုပျက်မှုကိုမြင်အောင် ကြည့်တဲ့ဉာဏ်ပေးထားတယ်. . . (မှန်ပါ့)၊ ဒကာကြွယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဆရာပေးထားတာက ဉာဏ်မဂ်

ခင်ဗျားတို့ရှိတာက ဖြစ်ပျက်. . . (မှန်ပါ့)၊ ဆရာပေးထားတာက ဖြစ်မှုပျက်မှုကိုသိတဲ့ဉာဏ်ပဲ. . . (မှန်ပါ)၊ အဲ. . . ဆရာပေးထားတဲ့ **ဉာဏ်မဂ်**နဲ့ ခင်ဗျားတို့မှာရှိတဲ့ ဖြစ်ပျက်နဲ့တွဲလိုက်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဆရာပေးထားတဲ့ **ဉာဏ်မဂ်**နဲ့ ခင်ဗျားတို့ရှိတဲ့ ဖြစ်ပျက်နဲ့ တွဲလိုက်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါဆရာမကူရင် မရဘူးဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့)၊ မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ကိုယ့်သန္တာန်ရှိတာက ဖြစ်ပျက်

ဆရာမကူရင် ဘယ်နည်းနဲ့မှမရဘူးဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်)၊ ဒါဖြင့် ဆရာပေးထားတာက ဉာဏ်မင်္ဂကိုယ့်သန္တာန်ရှိတာက ဖြစ်ပျက်. . . (မှန်ပါ့ဘုရား)။

ကိုယ့်သန္တာန်မရှိတာက. . . (ဉာဏ်မင်္ဂပါ)၊ ကိုယ့်သန္တာန်ရှိတာက. . . (ဖြစ်ပျက်ပါ)၊ အဲ. . . ဆရာပေးထားတဲ့ ဉာဏ်မဂ္ဂသစ္စာနဲ့ ဒကာ ဒကာမတွေရှိတဲ့ဖြစ်ပျက် ဒုက္ခသစ္စာနဲ့ တွဲလိုက်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဉာဏ်မင်္ဂနဲ့ ဖြစ်ပျက်နဲ့ မခွဲနဲ့

ဆရာပေးထားတဲ့ ဉာဏ်မင်္ဂနဲ့. . . (ကိုယ့်သန္တာန်ရှိတဲ့ဖြစ်ပျက်နဲ့ ကိုက်ရပ့ါမယ်ဘုရား)၊ အေး. . . မိမိသန္တာန်ရှိတဲ့ဖြစ်ပျက်နဲ့မခွဲနဲ့. . . (မှန်ပါ့)၊ မခွဲတဲ့အခါကျတော့ ရုပ်ကလည်းဖြစ်ပျက်၊ နာမ်ကလည်း ဖြစ်ပျက်ပဲဆိုတော့ ဖြစ်ပျက်ချည့်ပဲတွေ့နေတော့ ရုပ်လည်းမတွေ့တော့ဘူး၊ နာမ်လည်းမတွေ့တော့ဘူး၊ ဖြစ်ပျက်ပဲတွေ့တယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါးစလုံးဟာ ဖြစ်ပျက်ချည့်တွေ့နေတယ်ဆိုသဖြင့် ကိုယ့်အသေနဲ့ ကိုယ့်ဉာဏ်နဲ့သွားပြီး ဟပ်မိတာပဲ. . . (မှန်ပါ့)၊ ကိုယ့်ဉာဏ်ကမင်္ဂ၊ ကိုယ့်အသေက. . . (ဖြစ်ပျက်ပါဘုရား)၊ ဒါဖြင့် ကိုယ့်အသေကိုယ်မြင်ပြီ. . . (မှန်ပါ့ဘုရား)။

## ယထာဘူတဉာဏ်ရပြီ

ဩော်. . . တို့သည်ကား လူချမ်းသာလို့ နဂိုက သူများက ပြောတယ်၊ နတ်ချမ်းသာလို့ ပြောသံကြားတယ်၊ ဗြဟ္မာချမ်းသာလို့ပြောသံကြားတယ်၊ အခုတော့ ခဏခဏ ဖြစ်ပျက်ပဲ သေပွဲချည့်ကိုယ်ပိုင်ရ ထားပါကလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်)၊ ခဏခဏ ဖြစ်ပျက်ပဲ သေပွဲချည့်ပဲလို့ ကိုယ်ပိုင် ရထားတယ်လို့ ပေါ်လာတော့ ယထာဘူတဉာဏ် ရပြီ. . . (မှန်ပါ့ဘုရား)။

ကိုယ့်အသေပွဲကိုယ်မြင်ရင် ဘာဉာဏ်ရသလဲ. . . (ယထာဘူတဉာဏ်ရပါတယ်)၊ ဒကာကြွယ် ဒီနေ့ အင်မတန်အရေးကြီးတာပြောနေတယ်. . . (မှန်ပါ့)၊ ဆရာပေးတဲ့ မဂ်နဲ့ကိုယ့်သန္တာန်ဖြစ်ပျက်နဲ့ တွဲရတော့ ဘာဉာဏ်ရပါလိမ့်. . . (ယထာဘူတဉာဏ်ရပါတယ်ဘုရား)။

## ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်

ယထာဘူတဆိုတာ အခုမှ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရတယ်. . . (မှန်ပါ့)၊ နဂိုက လိမ်လည်ကောက်ကျစ်တဲ့ဉာဏ်၊ တဏှာခိုင်းပြီး သကာလ၊ တဏှာ ကောက်ကျစ်ပြီးသကာလထားရတဲ့ မိစ္ဆာဉာဏ်၊ ဒီဉာဏ်တွေနဲ့ အသက်မွေးလာကြတယ်. . . (မှန်ပါ့)၊ ဟုတ်တိုင်းမှန်ကန်စွာ သိတဲ့ဉာဏ် တစ်ခါမှ မရခဲ့ပါဘူး. . . (မှန်ပါ့ဘုရား)။

အဲ. . . ကိုယ့်သန္တာန်ကို ကိုယ့်အသေဆိုတာ **မွေးလိုက်** သေလိုက်ဖြစ်နေတဲ့ ခန္ဓာငါးပါး၏ အဲဒါကို ဆရာပေးထားတဲ့ ဉာဏ်နဲ့ကြည့်လိုက်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ကိုယ့်သန္တာန်က ဖြစ်ပျက်နဲ့ ဆရာပေးထားတဲ့ မဂ်နဲ့ ကိုက် အောင်ကြည့်ပေး. . . (မှန်ပါ့)၊ ကိုက်အောင်ကြည့်ပေးတဲ့အခါကျ တော့ ကိုက်အောင်ကြည့်နိုင်တဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ် . . . (ယထာဘူတဉာဏ်ခေါ်ပါတယ်ဘုရား)။

## ဒုတိယဘဝနိဗ္ဗာန်ရနိုင်တယ်

နေရာကျလိုက်တာ၊ ယထာဘူတဉာဏ်ရလို့ရှိရင်ဖြင့် (ဝါ) ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ရလို့ရှိရင်ဖြင့်၊ ဒီဉာဏ်နဲ့ သေချင်လည်း သေလိုက်ပါ၊ ဒုတိယဘဝမှာ နိဗ္ဗာန်ရနိုင်တယ် . . . (မှန်ပါ့)၊ သို့သော် ဒုတိယဘဝနိဗ္ဗာန်ရနိုင်တယ်ဆိုတော့ နိဗ္ဗာန်မရခင် **ပဋိသန္ဓေဒုက္ခ**နဲ့ တွေ့ရဦးမယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့နစ်နာမှုတွေ ကျန်ပါသေးတယ်ဘုရား၊ တပည့်တော်တို့ ကယ်မည့်ကယ်ရင် အဆုံးကျအောင် ကယ် တော်မူပါဆိုတော့ နောက်**ပဋိသန္ဓေ**မလာတာ အကောင်းဆုံးပါပဲ . . . (မှန်ပါ့)၊ လာရင် ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ အဲဒီ ဒုက္ခမှ ကယ်တင်ပါဘုရားလို့ပဲ လျှောက်ဖို့လိုတော့တယ် . . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါပါပြီဘုရား)။

## ခန္ဓာကဖြစ်ပျက်ချည်းပြတယ်

ဒါဖြင့် ဒီဖြစ်ပျက်ကလေးကို ဒကာ ဒကာမတို့ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် နေတာကို ဘုရားပေးထားတဲ့ ဉာဏ်မင်္ဂနဲ့ ကြည့်လိုက်တဲ့အခါ ခန္ဓာက ဖြစ်ပျက်ချည့်ပြတယ် . . . (မှန်ပါ့)၊ ဟိုနေရာကယားလိုက်၊ ပျောက်သွားလိုက် ဒီနေရာက နာလိုက်၊ ပျောက်သွားလိုက် ရှုတဲ့စိတ်ကလေး ပေါ်လာလိုက် ပျောက်သွားလိုက်ဆိုတော့ တစ်ကိုယ်လုံးရှောက်ကြည့်ရင် ယောက်ျားလည်း မတွေ့ဘူး၊ မိန်းမလည်း မတွေ့ဘူး ဖြစ်မှုပျက်မှု တွေချည့် တစ်ကိုယ်လုံး ရှုပ်နေတာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ရုပ်လည်းမရှုနဲ့၊ နာမ်လည်း မရှုနဲ့တော့ ရုပ်နာမ်ကို နဂိုတ သိပြီးသား ဖြစ်တဲ့အတွက် ဩော် . . . ရုပ်နာမ် ဆိုတာ ခေါ်သာခေါ်ရတာ ရှုတော့ ဖြစ်ပျက်တွေပါကလားလို့ မှတ်လိုက် . . . (မှန်ပါ့ဘုရား)။

## ရုပ်နာမ်တွေ,တွေ့နေသေးသလား

ဒကာကြွယ်ရှုတော့ ဘာတွေ့သတုံး . . . (ဖြစ်ပျက်တွေ့ ပါတယ်ဘုရား)၊ ရုပ်နာမ်တွေများ တွေ့နေသေးသလား . . . (မတွေ့ပါဘုရား)၊ ဘာတွေတွေ့ပါလိမ့် . . . (ဖြစ်ပျက်တွေ တွေ့ပါတယ်)၊ ဩော် . . . ဒါဖြင့် ဖြစ်ပျက်တွေ့တဲ့ ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ် . . . (ယထာဘူတဉာဏ်ပါ)၊ ဒီဉာဏ်

နဲ့သေရင် ဒုတိယဘဝမှာ နိဗ္ဗာန်ရနိုင်တယ်လို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါပါပြီဘုရား)။

ကိုင်း . . . ဉာဏ်ကတစ်ဆင့် တက်ကြဦးစို့နော် . . . (မှန်ပါ့)၊ ဒီဖြစ်ပျက်တာသည်ကား သူများအသေလား၊ မိမိအသေလား . . . (မိမိအသေပါဘုရား)၊ ဩော် . . တစ်သံသရာလုံး ကိုယ့်အသေကိုယ် မမြင်ဘူး . . . (မှန်ပါ့)၊ သူများမသာသာချဘူးတယ်၊ ကိုယ်သေတဲ့ အခါကျတော့ ငါ့မသာပါကလားလို့ ဘယ်သူများ ပြောမည့်သူ ရှိသေးသတုံး . . . (မရှိပါဘုရား)။

## ကိုယ့်အသေကိုယ်တွေ့ပြီ

အဲဒါကြောင့် အခုတော့ ဆရာပေးတဲ့ မျက်လုံးတပ်ကြည့်လိုက်တဲ့ အခါကျတော့ ခဏခဏသေနေတဲ့ ကိုယ့်အသေကိုယ်တွေ့ပြီ . . . (မှန်ပါ့)၊ မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား)။

စိတ်ကလေး ပေါ်လာလိုက် ပျက်သွားလိုက်၊ ရုပ်ကလေးပေါ်လာလိုက် . . . (ပျက်သွားလိုက်ပါဘုရား)၊ ဒါဖြင့် ရုပ်နဲ့ နာမ်ရှိတာလည်း **အဖြစ်နဲ့အပျက်**ပဲ မတွေ့ဘူးလားဗျာ . . . (တွေ့ပါတယ်ဘုရား)၊ အမွေးနဲ့ အသေပဲ မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား)။

အဲဒီတော့ ဒါဘယ်သူမွေးလို့ ဘယ်သူသေတာတုံး

မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမယ် . . . (မိမိမွေးပြီးမိမိသေတာပါ ဘုရား)၊ ကိုယ့်အသေကိုယ်သိရင် ယထာဘူတဉာဏ် . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဉာဏ်တစ်ဆင့်တက်လိုက်ပါ

ကိုင်း . . . ဒါဖြင့် ဒကာကြွယ် ဒုတိယဘဝ ပဋိသန္ဓေ မနေချင်တော့ဘူး . . . (မှန်ပါ့)၊ အမိဝမ်းခေါင်းထဲ ကိုးလခွဲ ဆယ် လ အမိ အစာဟောင်းအိမ်ပေါ် ထိုင်ပြီး အန်ဖတ်နဲ့တူတဲ့ အစာ သစ်တွေ ရွက်ပြီးသကာလ ကိုးလခွဲ ဆယ်လဆောင့်ကြောင့် ထိုင်ပြီး ဒုလာစွဲချင်သေးလို့လား၊ ပဋိသန္ဓေနေရတာ မေးဖို့မလိုဘူး လား . . . (လိုပါတယ်ဘုရား)၊ အဲဒါကြောင့် ဉာဏ်တစ်ဆင့် တက်လိုက်ပါဦးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မေတ္တာရှေ့ ထားပြီး ပြောပါတယ် . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗိန္ဒဉာဏ်

ဘယ်လိုမှတ်ကြမယ် . . . (ဉာဏ်တက်လာတာပါ ဘုရား)၊ အဲ . . . မုန်းလျက်နဲ့ ပေပြီးရှု . . . (မှန်ပါ့)၊ ဒီဖြစ်ပျက်ကို မုန်းလျက်နဲ့ ပေရှုလိုက်တဲ့အခါကျတော့ မုန်းဉာဏ်မြင်သွားတော့ နိဗ္ဗိန္ဒဉာဏ်ဆိုပြီး ခုနင်က ယထာဘူတဉာဏ်ရင့်ပြီး နိဗ္ဗိန္ဒဉာဏ် ဖြစ်လာတယ် . . . (မှန်ပါ့)၊ သရက်သီးအစိမ်းကလေးက

ယထာဘူတဉာဏ် . . . (မှန်ပါ)၊ သရက်သီးဝမ်းပျဉ်းကလေး ဖြစ်တာက . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)၊ ဉာဏ်ရင့် လာတာဆိုတာ ဒါပဲ . . . (မှန်ပါ)။

ဉာဏ်ရင့်လာတာနော်၊ အဲဒါ ရှုဖန်များလို့ ရင့်လာတာ . . . (မှန်ပါ)၊ ဒါဖြင့် ပါရမီဟာ တစ်စတစ်စလုပ်ရမှာလား ဒကာ ဒကာမတို့ ရှုရင်းရင့်လာတာလား . . . (ရှုရင်းရင့်လာတာပါ ဘုရား)၊ မရှုဘဲ သူ့ဟာသူ ဘယ့်နှယ်လုပ်ရင့်မလဲ. . . (မရင့်ပါ ဘုရား)။

## မိရိုးဖလာမှုတွေ၊ အကုန်ဖျောက်ပါ

အဲဒါကြောင့် ဒကာ ဒကာမတွေ မိရိုးဖလာ အရပ်ပေးတဲ့ မှုတွေ အကုန်ဖျောက်ပြီးသကာလ ဆရာက အမှန်ပေးတဲ့ မှုကို အသစ်နားထဲရောက်ကြပါစေ . . . (မှန်ပါဘုရား)။

ပါရမီဆိုတာ တစ်စတစ်စလို့ ပြောချင်ပြောနေဦးမှာ . . . (မှန်ပါ)၊ မလုပ်ဘဲနဲ့ ဘယ့်နှယ်ဉာဏ်တက်လာမတုံး . . . (မတက်ပါဘုရား)၊ ကြည့်စမ်း မုန်းဉာဏ်ဟာ ဒကာဒကာမတို့ အသစ်လာတာလား၊ ယထာဘူတဉာဏ်က ရင့်လာတာလား . . . (ယထာဘူတဉာဏ်ရင့်လာတာပါ)၊ ဒါလုပ်လို့ ရင့်လာတာ ဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ ပေါ်ပြီနော် . . . (မှန်ပါ)။

## မုန်းလျက်နဲ့ပေရှုပါ

ကဲ. . . ပေါ်လာတော့ ဒကာ ဒကာမတို့ ကိစ္စပြီးအောင် တက်ကြပေတော့ဆိုတော့ မုန်းလျက်နဲ့ ပေရှုတာ ဒီအပေကြီးဟာ ဘာသစ္စာတုန်း . . . (ဒုက္ခသစ္စာပါ)၊ ဖြစ်ရတာလည်းဒုက္ခ၊ ပျက်တာကော . . . (ဒုက္ခပါပဲဘုရား)၊ အဲဒီလို ဖြစ်ဒုက္ခ ပျက်ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိသွားလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## ခန္ဓာကိုယ်ကြီးပျောက်သွားတယ်

မုန်းလျက်နဲ့ ပေရှုရင် ဖြစ်ဒုက္ခပျက်ဒုက္ခလို့ . . . (ပိုင်ပိုင်နိုင်နိုင်သိပါတယ်ဘုရား)၊ ပိုင်ပိုင်နိုင်နိုင်သိသွားတော့ ဒီဒုက္ခကြီးကို လိုချင်သေးရဲ့လား . . . (မလိုချင်ပါဘုရား)၊ မလိုချင်တော့ မဂ်ဉာဏ်ဖြစ်ပါတယ်. . . (မှန်ပါ့)၊ မဂ်ဉာဏ်ဖြစ်တော့ ဒီတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်ကြီး ပျောက်သွားတယ် . . . (မှန်ပါ့)။

ပျောက်သွားတော့ ဒုက္ခသစ္စာပျောက်သွားတယ် . . . (မှန်ပါ့)၊ ဘာပျောက်သွားပါလိမ့် . . . (ဒုက္ခသစ္စာပျောက်သွားပါတယ်)၊ ဒါဖြင့် 'ဒုက္ခနိရောဓော နိဗ္ဗာနံ' . . . (မှန်ပါ့ဘုရား)။

## သူပျောက်တဲ့နေရာနိဗ္ဗာန်အစားထိုး

ဒီပျောက်တဲ့နေရာမှာ ဘာပေါ်ပါလိမ့် . . . (ဒုက္ခနိရောဓောနိဗ္ဗာနံပေါ်ပါတယ်)၊ ဒါဖြင့် နိဗ္ဗာန်သည် သူမပျောက်ဘူး

သူရှိနေတယ် . . . (မှန်ပါ့)၊ သူပျောက်တော့ သူ့နေရာမှာ အစားထိုးပေါ်တယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရှာလို့ရှိရင် တစ်လံမျှလောက်သော ခန္ဓာကိုယ်အဆုံးမှာ တွေ့ပြီလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)၊ ဉာဏ်စဉ်တက်တတ်ပလား . . . (တက်တတ်ပါပြီဘုရား)။

ဖြစ်ပျက်မြင်ရင် ဘာဉာဏ် . . . (ယထာဘူတဉာဏ်)၊ နောက်ရင့်လာလို့ ဖြစ်ပျက်မုန်းရင် . . . (နိဗ္ဗိန္ဒာဉာဏ်)၊ နောက်ဖြစ်ပျက်မလိုချင်ရင် . . . (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ကျတော့ ရှေ့ခန္ဓာရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ မရှိတာလဲ **နိရောဓသစ္စာ** . . . (မှန်ပါ့)၊ ချုပ်ပျောက်တာ ဒုက္ခသစ္စာသေချာပလား . . . (သေချာပါပြီဘုရား)။

## အနုပါဒိသေသနိဗ္ဗာန်

ဒီတော့ နောက်ဘဝ ခန္ဓာလုပ်မည့် တဏှာလာသေးရဲ့လား . . . (မလာပါဘုရား)၊ အဲဒါ **သမုဒယသစ္စာချုပ်တာ** . . . (မှန်ပါ့)၊ နောက်ခန္ဓာကြီး မပေါ်လာတာ **အနုပါဒိသေသနိဗ္ဗာန်** . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု . . . သာဓု . . . သာဓု**